ကျောင်းတိုက်ကျေးရွာ

ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပျဉ်းတောဦးကျေးရွာ၊ ကလေးမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၉ခုနှစ်၊ ဇွန်လ

မာတိကာ

စာမျက်နှာ

စကားချီး ၁

ကျောင်းတိုက်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၂-၃

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၄

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၄-၅

(က) လူဦးရေဆိုင်အရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ၆-၉

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့်

ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၉–၁၀

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ ၁၀

(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၁၁

(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား(၆) ဥစ္စာဓနအခြေအနေ
ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စာ စားနိုင်သည့် အိမ်ထောင်စုများ
ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီ

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅–၂၀၁၆ ခုဘဏ္ဍာရေးနှစ်မှ ၂၀၁၉–၂၀၂၀ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွေးနွေးသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးထာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

၃။ ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို ဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


၄။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

၅။ ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၄) ရက်။

ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့
ကျောင်းတိုက်ကျေးရွာ
ကလေးမြို့နယ်

ကျောင်းတိုက်ကျေးရွာ တည်နေရာပြ မြေပုံ



အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူ ရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစဉ်အစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိ နိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း ၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အ စည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

J

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဘက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်) နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူခု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ အားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ် တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောက်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ အလုပ်အကိုင်နေထိုင်စားသောက်မှု

ကျောင်းတိုက်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၏ မြောက်ဘက်(၆)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်သူလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျောင်းတိုက်ကျေးရွာ၏ လယ်ယာမြေများမှာ မိုးရာသီတွင် စပါးစိုက်ပျိုးပြီး ဆောင်းရာသီတွင် ဆီထွက်သီးနှံများ ဖြစ်သော နေကြာ၊ မြေပဲနှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်သော နှစ်သီးစား လယ်မြေများဖြစ်ပါသည်။ လယ်မြေများကို ဆည်ကြီးချောင်းရေမှ သွယ်ယူပြီးစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ဆည်ရေသောက်လယ်မြေများ မဟုတ်ပါ။ တစ်ဧက အထွက်နှုန်းတင်(၅၀)မှ (၁၀၀)အထိ ထွက်ရှိနိုင်သော လယ်မြေများ ဖြစ်ပါသည်။ လယ်မြေများသည် စပါး၊ မြေပဲ၊ နေကြာ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာ ဖြစ်သည်။

(ခ) **သဘာဝအရင်းအမြစ်များ**

ကျောင်းတိုက်ကျေးရွာသည် သဘာဝထွက်သယံဇာတများ မထွက်ရှိဘဲ လယ်ယာမြေများကိုသာ နှစ်သီးစား အဓိကထား၍ လုပ်ကိုင်စားသောက်ကြသော ရွာကြီးတစ်ရွာဖြစ်ပါသည်။ ငါးမွေးမြူရေးနှင့် ကြက်မွေးမြူရေးတွဲဘက်၍တစ်ပိုင်တစ်နိုင်မွေးမြူကြသူများ အနည်းငယ်ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၇၁၆)နှင့် ကျား(၁၅၈၉)၊ မ(၁၇၁၁)ဦးဖြင့် လူဦးရေပေါင်း(၃၃၀၀)ရှိသော အုပ်စုကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်သော ဗုဒ္ဓဘာသာထွန်းကားသည့်ရွာတစ်ရွာလည်းဖြစ်ပါသည်။ ကျေးရွာတွင်းရှိ အရွယ်ရောက်ပြီးအလုပ်လုပ်ကိုင်နိုင်သူများမှာ တောင်သူများနှင့် တွဲဖက်၍ တောင်သူလယ်ယာစိုက်ပျိုးရေး အလုပ်များ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းသီးနှံများရောင်းဝယ်ခြင်း အလုပ်များလုပ်ကိုင်ကြပါသည်။ အမျိုးသားအမျိုးသမီးအားလုံး လုပ်ကိုင်နိုင်သည့်အလုပ်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို၍အထောက်အကူဖြစ်စေနိုင်ပါသည်။

(ခ) **စီးပွားရေးအခြေအနေ**

အဓိကဝင်ငွေလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ စီးပွားရေးအခြေအနေမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ အများအားဖြင့် တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြပြီး အချို့မှာ မြို့တွင်းသို့ ပန်းရံလုပ်ငန်း၊ လက်သမား၊ ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။

ကျေးရွာအတွင်းရှိ ပြည်သူများ နေထိုင်စားသောက်ရေးချောင်လည်စေရန် ကျေးရွာရှိ အသင်းအဖွဲ့များ၏ ရန်ပုံငွေများနှင့် မြို့နယ်သမဝါယမအသင်းမှ ထုတ်ချေးသော အသေးစားချေးငွေများ ထုတ်ချေး၍ သုံးစွဲကြပါသည်။ သမဝါယမအသင်းဝင် ဦးရေ (၉၀)ခန့်ရှိပါသည်။ လယ်ယာလုပ်ကိုင်သော တောင်သူများမှာ လယ်ယာလုပ်ကိုင်ရန်

အတွက် မိုးရာသီစိုက်ပျိုးစရိတ်နှင့် ဆောင်းရာသီစိုက်ပျိုးစရိတ်တို့ကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေး၍ သုံးစွဲကြပါသည်။ အရင်းအနှီးအားလုံးအတွက် မလုံလောက်နိုင်၍ ချေးငွေများလိုအပ်နေပါသေးသည်။

(ဂ) ကျန်းမာရေးနှင့်အဟာရ

ကျောင်းတိုက်(စံပြ)ကျေးရွာသူ/သားအများစု၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်သော အဆင်းရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိပြီး သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ ကလေးငယ်များနှင့် ရွာသူရွာသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပြုလုပ်ပေးပါသည်။ လိုအပ်ပါက (၆)မိုင်ခန့် ဝေးသောကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ အခြားပုဂ္ဂလိကဆေးရုံဆေးခန်းများသို့လည်းကောင်း သွားရောက်၍ ဆေးကုသခံယူကြပါသည်။

ကျေးရွာတွင် သောက်သုံးရေများအတွက် လက်နှိပ်တုံကင်များ၊ ရေလျှံတွင်းများနှင့် ဘိလပ်ဂွေချတွင်းများမှ ရရှိသော သောက်သုံးရေများကိုအသုံးပြုရသည့်အတွက် သန့်ရှင်းသော ရေများရရှိပါသည်။

အစားအစာများမှာလည်း မိမိတို့လယ်ယာမှထွက်သော ကောက်ပဲသီးနှံများနှင့် ဆီထွက်သီးနှံမှရရှိသော ပဲဆီ သန့်၊ နေကြာဆီသန့်များကို များသောအားဖြင့် စားသုံးကြသည့်အတွက် ကျန်းမာရေးအတွက် အာဟာရကောင်းမွန်စေပါသည်။

(ဃ) ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု

ကျေးရွာတွင်းရှိ လယ်ငယ်များသည် ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်ထိ ဖွင့်လျှက်နိုင်ငြိဖြစ်သဖြင့် အထက်တန်းပညာအထိ မိမိရွာမှာပင် ပညာသင်ယူနိုင်ကြပါသည်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မှသည် အခြေခံပညာအထက်တန်းကျောင်းအဆင့်ထိ အဆင့်တိုးမြှင့်ပေးနိုင်ပါရန်လည်း နိုင်ငံတော်သို့ လျှောက်ထားဆဲဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုများ လူငယ်လူရွယ်များအတွက် သာမန်အားဖြင့် အားနည်းချက်ရှိသည်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများအားနည်းနေသည် ဆိုရပါမည်။

(င)ကျား/မဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထား ကောင်းမွန်တည်ငြိမ်ပါသည်။ ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များလည်း အခွင့်အရေးတူညီကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးအဖွဲ့ မြတ်မေတ္တာလူမှုကူညီရေးအသင်း၊ အမျိုးသားလူငယ်အဖွဲ့၊ အမျိုးသမီးလူငယ်အဖွဲ့၊ အမျိုးသားလူလတ်အဖွဲ့၊ အမျိုးသမီးလူလတ်အဖွဲ့)နှင့် ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ (ဂေါပကအဖွဲ့၊

စမ္ဘစကြာအဖွဲ့နှင့် ဓမ္မစကူးလ်အဖွဲ့)၊ ကျန်းမာရေးအဖွဲ့ (ကြက်ခြေနီ)နှင့် မြို့နယ်မှ ဖွဲ့စည်းပေးသော အမျိုးသမီးရေးရာ အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဟူ၍ အသီးသီးရှိကြပါသည်။ ကျေးရွာတွင်းနာရေးကိစ္စများအတွက် မြတ် မေတ္တာလူမှုကူညီရေးအဖွဲ့ ပိုင် မော်တော်ယာဉ်များဖြင့် အသုံးပြု၍သော်လည်းကောင်း အသုဘသင်္ဂြိုလ်ခြင်းအတွက် အလှူရှင်တစ်ဦးမှ မတည်၍ ရွာတွင်းအလှူငွေများ ပေါင်းစပ်၍ မြတ်မေတ္တာအဖွဲ့ဦးဆောင်ဆောက်လုပ်ထားသော သင်္ဂြိုလ်မီးဖို (မီးသွေးသုံး) တို့ အသုံးပြု၍ ကူညီပြုလုပ်ပေးပါသည်။

ကျေးရွာလူထုနေထိုင်စားသောက်ရေးချောင်လည်စေရန် သမဝါယမငွေစုငွေချေးအသင်းနှင့် ကျေးရွာစာကြည့်တိုက်ရန်ပုံငွေနှင့် မြတ်မေတ္တာလူမှုကူညီရေးအသင်းမှ ငွေကြေးပမာဏအနည်းငယ်ကိုသာ ထုတ်ချေးသုံးစွဲကြပါသည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးကို ၂၀၁၇ ခုနှစ် မှစ၍ မီးလင်းရေးကော်မတီများဖွဲ့စည်းကာ ကိုယ့်အား ကိုယ်ကိုးစနစ်ရန်ပုံငွေကောက်ခံပြီးမှန်ကန်သောဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ကျေးရွာရှိ လူမှုရေးအဖွဲ့အစည်းတစ်ခုနှင့် တစ်ခုအကြား ပြေလည်စွာ ချိတ်ဆက်ဆောင်ရွက်လျှက်ရှိကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

၅

(ခ) **သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာနေပြည်သူများသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တောင်သူလယ်ယာအလုပ်ကို အဓိကထား လုပ်ကိုင်ကြ၍ မိုးစပါးတစ်ဧကအထွက်နှုန်း တင်း(၅၀)မှ (၈၀-၁၀၀)အထိ ထွက်ရှိကြပြီး မြေပဲတစ်ဧက တင်း(၇၀)မှ တင်း(၁၀၀)၊ နေကြာတစ်ဧက တင်း(၂၀)မှ တင်း(၃၀)အထိ ထွက်ရှိကြပါသည်။ သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်ပါက မြို့နယ်စိုက်ပျိုးဌာနနှင့်ဆက်သွယ်၍လည်းကောင်း၊ မြို့နယ်ရှိ မြန်မာ့ဩဇာ၊ ဝိစာရအစရှိသော ပုဂ္ဂလိကကုမ္ပဏီကိုယ်စားလှယ်များနှင့် အချိတ်ဆက်၍လည်းကောင်း လိုအပ်သလို ပူးပေါင်း၍နှိမ်နင်းကြပါသည်။

ထွန်ယက်ရေးအတွက် ကျေးရွာတွင် ထွန်စက်အပိုင်မရှိသေးသော တောင်သူများအနေဖြင့် ထယ်တစ်ဧက (၂၀၀၀၀)ကျပ်ဝန်းကျင်နှင့် ထွက်တစ်ဧက (၁၂၀၀၀)ကျပ် တို့ပေးကာ ပုဂ္ဂလိကပိုင်ထွန်စက်များကိုသာ ငှားရမ်းထွက်ယက်ရပါသည်။ ထို့ကြောင့် ထွန်စက်ငှားရမ်းခဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းရရှိနိုင်ရေးကို လိုလားလျှက်ရှိနေကြပါသည်။

ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းများ အများအပြားမရှိဘဲ (၁၀)ဦးခန့်သာ ကြက်နှင့် တွဲဘက်၍ မွေးမြူကြပါသည်။ ဝက်မွေးမြူရေးတွင် ဒေသဝက်မျိုးများကို တစ်အိမ်လျှင် (၁)ကောင် (၂)ကောင်ခန့်သာ မွေးမြူကြပါသည်။ ဒေသကြက်မျိုးများကို တစ်ပိုင်တစ်ပိုင်မွေးမြူကြသော်လည်း ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်လျှက်ရှိနေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ဆီကြိတ်စက်(၄)လုံးနှင့် ဆန်ကြိတ်စက်(၂)လုံးနေ့စားအလုပ်များ၊ သဲကျောက်သယ်ယူရေးလုပ်ငန်းများ၊ စျေးရောင်းနှင့် အစိုရဝန်ထမ်းလုပ်ငန်းများ၊ ဆံသဆိုင်ဖွင့်ခြင်း၊ အလှပြင်ဆိုင်ဖွင့်ခြင်း၊ စက်ချုပ်ဆိုင်ဖွင့်ခြင်းလုပ်ငန်းများဖြစ်ပါသည်။ လုပ်ငန်းအများစုမှာ နေထိုင်စားသောက်ရေးအတွက် အဆင်ပြေမှုများ အသင့်အတင့်ရှိပါသည်။ အချို့အလုပ်သမားများမှာ ကလေးမြို့သို့ ပန်းရံ၊ လက်သမားသွားရောက်လုပ်ကိုင်သူများ၊ ကျောက်ခွဲစက်များတွင် သွားရောက်လုပ်ကိုင်သူများရှိကြပါသည်။

ကျေးရွာရှိ လယ်ယာလုပ်ငန်းများတွင် နေ့စားခ(၅၀၀၀)ကျပ်မှ (၆၀၀၀)အထိ တစ်ဧကာ ကောက်စိုက်ခ (၃၅၀၀၀)ကျပ် ဝန်းကျင်နှင့် စပါးရိတ်သိမ်းခ (၃၅၀၀၀)ကျပ်မှ (၅၀၀၀၀)ကျပ်အထိ ရှိကြပါသည်။ အခြားသောလုပ်ငန်းများတွင် အလုပ်သမားရှားပါးမှုများ ရှိနေပါသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်ယာစိုက်ပျိုး ပိုးသတ်ဆေးသုံးစွဲခြင်း၊ ဓာတ်မြေဩဇာသုံးစွဲခြင်းများမှာ တောင်သူများအနေဖြင့် ဓာတုဆေးများကိုသာသုံးစွဲမှုများကြသည်။ အိမ်အသုံးအဆောင်ပစ္စည်များအများကိုသာသုံးစွဲမှုများကြသည်။ အိမ်အသုံးအဆောင်ပစ္စည်းများအတွက် ကြွပ်ကြွပ်အိတ်နှင့်ပလပတ်စတစ်ဗူးခွံများ စနစ်တကျသုံးစွဲရေးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

ကျေးရွာများ ရေကြီးရေလျှံခြင်း အန္တရယ်မှ ကင်းဝေးသော်လည်း လယ်ယာလုပ်ငန်းခွင်ရေးကြီးတစ်မြို့ပ်ဆုံးရှုံးမှုများရှိပါသည်။ မုန်တိုင်းများရံဖန်ရံခါမှသာ ဝင်ရောက်မှုရှိပါသည်။

မြေအောက်သယံဇာတပစ္စည်းများ ထွက်ရှိခြင်းမရှိပါသည်။

(ငံ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

တောင်သူများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကကျပ် တစ်သိန်းခွဲနှုန်းဖြင့် အများဆုံး(၁)ဧကအထိသာ ထုတ်ချေးအသုံးပြုနိုင်ကြပါသည်။ သမဝါယမချေးငွေများကိုလည်း အဖွဲ့ဝင်(၉၀)ဦးဖြင့်ဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမအသင်းစုချုပ်မှ ထုတ်ချေးသုံးစွဲကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးအတွက် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း(ခွဲ)အထိ ဖွင့်လှစ်သင်ကြား နေသော်လည်း အထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းကျောင်းအထိ အဆင့်မြှင့်ဖွင့်လှစ်ပေးရေးကို ရွာသူ/သားများမှ လိုလားမျှော်လင့်လျက်ရှိပါသည်။ ကျောင်းဆောင်များမှာ ကိုယ့်အားကိုယ်ကိုး (၂)ထပ်ကျောင်းဆောင်(၂)ဆောင်နှင့် နိုင်ငံတော်ဘဏ္ဍာမှ ဆောင်လုပ်ပေးသော (၂)ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ဖြင့် လက်ရှိအခြေအနေမှာ ပညာသင်ကြားနေပါသည်။ မူလတန်းကျောင်းဆောင်မှာ ပြန်လည်မွမ်းမံဂုန်လိုအပ်လျက်ရှိနေသည့်

အတွက် နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်မှုများကို မျှော်လင့်လျက်ရှိပါသည်။ မူလတန်းမှအထက်တန်းအထိ ဆရာ/မဦးရေ ပေါင်း (၂၇)ရှိပြီး လစ်လပ်နေရာများရှိနေကြောင်း သိရှိရပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းများမှ ဆောင်ရွက်ပေးပြီး မီးဖွားခြင်းနှင့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုများအတွက်လည်း သားဖွားဆရာမနှင့်ကျန်းမာရေးဌာနဝန်ထမ်းများမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လိုအပ်ပါက မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးသို့ ချိတ်ဆက်၍ သွားရောက်ကုသမှုခံယူနိုင်ကြပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်များပေါ်ထွက်လာစေရေးအတွက် ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ တနင်္ဂနွေနေ့တိုင်း ဗုဒ္ဓရေးရာစာပေများကို သင်ကြားပို့ချလျက်ရှိပါသည်။ ဘာသာရေးပွဲတော်များနှင့် အလှူပွဲများတွင် ခေတ်ပေါ်တေးသီချင်းများသီဆိုတင်ဆက်ကြပြီး ကျောင်းသားပွဲတော်များတွင် မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

အခြေခံအဆောက်အဦး၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၂၀၁၄ ခုနှစ်တွင် အမာခံကျောက်ခင်းလမ်းကို နိုင်ငံတော်မှာကုန်ကျခံကာ ပြုလုပ်ပေးခဲ့ပြီး၊ ယခုအခါ ၎င်းကျောက်ခင်းလမ်းပေါ်တွင် သဲများလောင်း၍ ကလေးမြို့နှင့် အခြားရွာများသို့ ဆက်သွယ်သောလမ်းကို အသုံးပြုနေပါသည်။ ကုန်းလမ်းခရီးတစ်ခုထဲကိုသာအသုံးပြုရသဖြင့် မြို့နှင့်ဆက်သွယ်သောလမ်းကို ကတ္တရာ၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးမှုကို လိုလားလျက်ရှိပါသည်။

လျှပ်စစ်မီးရရှိရေးအတွက် (၂၀၁၇)ခုနှစ်မှစ၍ ကျေးရွာမီးလင်းရေးကော်မတီမှ ကောင်းမွန်သော ဦးဆောင်မှုဖြင့်စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းများဖြင့်ဆက်သွယ်၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကိစ္စရပ်များအတွက် အသုံးပြုကြပါသည်။

အင်တာနက်လှိုင်းများ အသင့်အတင့်ကောင်းမွန်ပြီး ကမ္ဘာအရပ်ရပ်ရှိ သတင်းအချက်အလက်များကို ချိတ်ဆက်၍ အသုံးပြုနိုင်သည်။ ကျေးရွာတွင် သုတမင်းစာကြည့်တိုက်မှ စာဖတ်ဝါသနာပါသူများအတွက် ဗဟုသုတများဖြန့်ဝေပေးလျက်ရှိနေပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိသဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားသွားလာမှုများ အဆင်ပြေချောမွေ့သဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားသွားလာမှုများ

အဆင်ပြေချောမွေ့စေပါသည်။ မြို့နှင့် အလှမ်းမဝေးသော ရွာကြီးတစ်ရွာဖြစ်သည့်အတွက် ပြည်သူလုံခြုံမှုဘဝများ ကောင်းမွန်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုနည်းပါးသောကြောင့် ဘေးအန္တရာယ်လျော့ပါးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိသေးပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ၊ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျောင်းတိုက်ကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသတွင် တည်ရှိပြီး ကလေးမြို့နှင့် (၆)မိုင်သာ ကွာဝေးသည့်အတွက် မြို့နှင့် ရောင်းဝယ်ဖောက်ကားမှုလက်လှမ်းမှီသော ရွာတစ်ရွာဖြစ်ပါသည်။ တစ်နှတစ်ပတ်လုံး မြို့နှင့်နေ့ညမရွေး သွားလာနိုင်ပါသည်။

ကျေးရွာရှိ ကောက်ပဲသီးနှံ ကုန်စိမ်း၊ သားငါး အစရှိသည်တို့ကို ကလေးမြို့ပေါ်ဈေးများသို့ သွားရောက် ရောင်းချနိုင်ပြီး လိုအပ်ပစ္စည်းများကိုလည်း ဝယ်ယူအသုံးပြုရန် မြို့ဈေးနှင့် နီးပါသည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးလုံလောက်စွာရရှိလာပါက ထင်းလောင်စာများ သက်သာကာ လျှပ်စစ်မီးဖို များဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသားများအတွက် မီးကြေးကုန်ကျစရိတ်သက်သာခြင်း၊ သုတရသသတင်းစုံအလင်း အား တီဗွီမှ အချိန်ပြည့်ကြည့်ရှုနိုင်ခြင်း၊ လျှပ်စစ်ဖြင့်လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းစသည့် လူနေမှုအဆင့်အတန်း မြင့်မည်းလာတ်ခြင်း၊ ကျောင်းသားများအတွက် မီးကြေးကုန်ကျစရိတ်သက်သာခြင်း၊ သုတရသသတင်းစုံအလင်း အား တီဗွီမှ အချိန်ပြည့်ကြည့်ရှုနိုင်ခြင်း၊ လျှပ်စစ်ဖြင့်လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းစသည့် လူနေမှုအဆင့်အတန်း မြင့်မည်းလာတ်ခြင်း၊ ကျောင်းသားများအတွက် မီးကြေးကုန်ကျစရိတ်သက်သာခြင်း၊ သုတရသသတင်းစုံအလင်း အား တီဗွီမှ အချိန်ပြည့်ကြည့်ရှုနိုင်ခြင်း၊ လျှပ်စစ်ဖြင့်လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းစသည့် လူနေမှုအဆင့်အတန်း မြင့်မားလာစေမှုများကို အထောက်အကူဖြစ်စေပါသည်။

ကျေးရွာသူ/သား အများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်စားသောက်ကြပါသည်။ ဘွဲ့ရလူငယ်များပေါများသော်လည်း အချို့မှာ မိမိတို့ မိဘပိုင် လယ်ယာများတွင် လုပ်ကိုင်ကြပြီး အချို့မှာ အစိုးရဌာန များနှင့် ပုဂ္ဂလိကဌာန၊ ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်လျှက်ရှိကြပါသည်။

လယ်ယာစိုက်ပျိုးရေးအနေဖြင့် စံပြစိုက်ကွက်များမရှိသော်လည်း မိမိတို့လက်လှမ်းမှီသလောက် လေ့လာသုံ သပ်၍ စိုက်ပျိုးရေးဌာန ဝန်ထမ်းများ အခြားစိုက်ပျိုးရေး ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများနှင့် ချိတ်ဆက်၍ လယ်ယာ လုပ်ငန်းများတွင် အထွက်နှုန်းကောင်းမွန်စေပါသည်။

လယ်ယာမြေများမှာ မြေဆီလွှာနည်းသော မြေများမှအပ ကျန်မြေများတွင် ဓါတ်မြေဩဇာ အသုံးပြုမှု အနည်း ငယ်သာအသုံးပြုရန်ဖြင့် အတွက်နှုန်းကောင်းမွန်စေပါသည်။

ကျေးရွာတွင် တည်ငြိမ်အေးချမ်းမှုကြောင့် ရွာနေပြည်သူများလူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ ကုန်စည်စီးဆင်းမှုများ ချောမွေ့စေပါသည်။

လူမှုကူညီရေးကိစ္စများအတွက် မြတ်မေတ္တာလူမှုကူညီရေးအသင်း (ကျောင်းတိုက်ရွာ) မှ ကျန်းမာရေးနှင့် အခြားကိစ္စများတွင်လည်းပါဝင်ကူညီဆောင်ရွက်နေပါသည်။အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ မိမိတို့ ကျေးရွာ၍ သော်လည်းကောင်း၊ မြို့ပေါ်သို့ ချိတ်ဆက်၍ သော်လည်းကောင်း သွားရောက်လုပ်ကိုင်ကြပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

၂၀၁၅ ခုနှစ်ရေကြီးရေလျှံမှုဖြစ်ပွားချိန်တွင် ကျောင်းတိုက်ရွာပေါ်သို့ ရေလွှမ်းမိုးခြင်း မရှိသော်လည်း လယ်မြေများရေလွှမ်းမိုးခြင်း ခံရသဖြင့် လယ်မြေများမညီညာမှု၊ ရေသွင်းမြောင်းပျက်စီးမှုစသော အဟန့်အတား စိန်ခေါ်မှုများရှိနေပါသေးသည်။ သို့ပါ၍ လယ်ယာမြေများပြုပြင်ရန် ရေမြောင်းများ ပြင်ဆင်ရန် နိုင်ငံတော်၏ အကူအညီများလိုအပ်ပါသည်။

ပညာရေးနှင့်ပတ်သက်၍ တင်ပြရပါလျှင် အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ရေးကိုလိုလားလျှက်ရှိပါသည်။ ဘွဲ့ရအဆင့်မြင့် ပညာများကို ကလေးမြို့နည်းပညာတက္ကသိုလ်နှင့် ကလေးကွန်ပျူတာတက္ကသိုလ်၊ ကလေးတက္ကသိုလ်သို့ သွားရောက် ပညာသင်ယူကြပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းကာ လာမည့်နှစ်များတွင် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

- ကျွန်ုပ်တို့ရွာ လူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအသင်းအဖွဲ့များဖွဲ့စည်းကာ ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှ တစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။
- ကျေးရွာလျှပ်စစ်မီး မဟာဓါတ်အားလိုင်းမှ ရရှိအောင် ဆောင်ရွက်မည်။
- မြို့ပေါ်နှင့် ကျေးရွာချင်းဆက်လမ်းများ ကျောက်ခဲသဲခင်းလမ်းမှ တစ်ဆင့် ကတ္တရာ၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုးစားမည်။
- အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာ အထက်တန်းကျောင်းသို့ အဆင့်တိုးမြှင့်စေရမည်။
- ကျေးလက်စျေးတည်ဆောက်နိုင်ရန် ဆောင်ရွက်သွားမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြခဲ့သော ဖွံ့ဖြိုးရေးပန်းတိုင်များသို့ ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်။

- ကျေးရွာစိုက်ပျိုးရေးတိုးတက်စေရန် လယ်ယာသံးစက်ကရိယာများ အသုံးပြုနိုင်ရေးနည်းပညာများ အသုံးချနိုင်မှုရရှိနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် အသေးစားချေးငွေ ငွေကြေးလုပ်ငန်းများနှင့် ဆင်ကျေးရွာစိုက်ပျိုးရေးတိုးတက်စေရန် လယ်ယာသံးစက်ကရိယာများ အသုံးပြုနိုင်ရေးနည်းပညာများ အသုံးချနိုင်မှုရရှိနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေး အတွက် အသေးစားချေးငွေ ငွေကြေး လုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။
- ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာမှ လူထုထည့်ဝင်ရန်ပုံငွေနှင့် ကျေးလက်ဒေဖွံ့ဖြိုးရေးအဖွဲ့နှင့်ဆက်လက်တိုင်ပင်ညှိနှိုင်းအကောင်အထည်ဖော်သွားမည်။
- မြို့ပေါ်နှင့် ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးအတွက် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့်တိုးမြှင့်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့အဟစည်ဖြိုးရေး အဖွဲ့နှင့်ဆက်လက်တိုင်ပင်ညှိနှိုင်းအကောင်အထည်ဖော်သွားမည်။
- ကျေးလက်ဈေးတည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည်။

စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

၇။ စီမံကိန်းစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ဂင်းလုပ်ငန်းများမှအနက် ရွာသူ/ရွာသားများမှ သဘောတ ရွေးချယ်ဖွဲ့စည်း ထားသော ကျေးရွာကော်မတီ(၁၁)ဦးတို့က ဦးစားပေးရမည့် စီမံချက်များကိုအမှတ်ပေးရွေးချယ်ကြပြီး ကျန်ကျေးရွာ သူ/သားများကဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကိုအတည်ပြုပေးခဲ့ကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝ ရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာ၏ဦးစားပေးစီမံကိန်းကို ကျေးရွာတွင်ရှာဖွေ တွေ့ရှိမှုများကိုအခြေခံ၍ကျေးရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ် ခဲ့ကြသည့် ဦးစားပေးစီမံကိန်းများ မှာအောက်ပါအတိုင်းဖြစ်ပါသည်–

(ကက) မဟာဓါတ်အားစတစ်ဖြင့် လျှပ်စစ်မီးလင်းရန်အတွက် လိုအပ်သော ထရန်စဖော်မာ(၂)နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်၊

(ခခ) ကျေးလက်ဈေး တည်ဆောက်ရန်၊

(၈၈) အနောက်မြောက်ကုန်ထုတ်လမ်းဖောက်လုပ်ရန်နှင့်
တံတား(၂)စင်းဆောက်လုပ်ရန် လမ်းအရှည်(၅၀၀၀)ပေ၊

၁၀

(ဃဃ) ရွာ၏ အရှေ့ဘက် ကုန်ထုတ်လမ်းဖော်လုပ်ရန်နှင့် ရွာအနောက်ဘက်
ကုန်ထုတ်လမ်း ဖောက်လုပ်ရန် လမ်းအရှည် (၁၁၀၀၀)ပေ

(ငင)စမ္မစကူးလ်ကျောင်းဆောင် ဆောက်လုပ်ရန်

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားသည် လုပ်ငန်းစတင်ရန်နှင့် ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသော ဦးစားပေး စီမံချက်များ၏ နှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်ဖြစ်သည်-

စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁။ မဟာဓါတ်အားစတစ်ဖြင့် လျှပ်စစ်မီးလင်းရန်အတွက် လိုအပ်သော ထရန်စဖော်မာ (၂)နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း	၁	✓				
၂။ ကျေးလက်စျေး တည်ဆောက်ခြင်း	၂		✓			
၃။အနောက်မြောက်ကုန်ထုတ်လမ်း ဖောက်လုပ်ရန်နှင့်တံတား(၂)စင်း ဆောက်လုပ်ရန်လမ်းအရှည် (၅၀၀၀)ပေ၊	၃			✓		
၄။ရွာ၏ အရှေ့ဘက် ကုန်ထုတ် လမ်းဖော်လုပ်ရန်နှင့် ရွာအနောက်ဘက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လမ်းအရှည် (၁၁၀၀၀)ပေ	၄				✓	

၅။စမ္မစကူးလ်ကျောင်းဆောင်ဆောက်လုပ်ရန်	၅					✓

ကျောင်းတိုက်ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေအနေ(ဖွံ့ဖြိုးရေးကွင်းဆက်)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ရပ်မိ/ရပ်ဖအဖွဲ့					
၁	သစ်တောပြုန်းတီးခြင်း	လျှပ်စစ်မီးမရရှိခြင်း	ကျေးရွာသူ/သားအားလုံး လျှပ်စစ်မီးရလိုစိတ်ရှိခြင်း၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်၍ ရန်ပုံငွေထည့်ဝင်လိုစိတ်ရှိခြင်း	(၁)ဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှုမရှိခြင်း (၂)ဦးစီးဆောင်ရွက်မည့်သူမရှိခြင်း	(၁)ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍မီးကော်မတီဖွဲ့ခြင်း၊ရန်ပုံငွေရှာဖွေခြင်း (၂)စုပေါင်း၍ဦးစီးဆောင်ရွက်ခြင်း	မဟာဓာတ်အားလိုင်းဖြင့်မီး လင်းရေးဆောင်ရွက်ခြင်း
	စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖွဲ့					
၂	ကျေးရွာမှစားဝတ်နေရေးအတွက်ရောင်းချသည့်ဈေးသည်များ လမ်းဘေးတွင် ရောင်းချနေရခြင်း	သတ်မှတ်နေရာဖြင့် ရောင်းချရန် ကျေးလက်ဈေး မရှိခြင်း	ကျေးလက်ဈေးသည် ဆောက်ရန်မြေနေရာရှိပြီး ကျေးရွာလူထုမှ ပါဝင်၍လုပ်အား လှူဒါန်းနိုင်ခြင်း	ကျေးလက်ဈေး တည်ဆောက်ရန် ငွေကြေးမလုံလောက်ခြင်း	စည်ပင်ကော်မတီ၏ ကူညီရယူပြီးကျေးရွာလူထုပါဝင်၍ လှူဒါန်းငွေဖြင့်ဆောင်ရွက်ခြင်း	ကျေးလက်ဈေး တည်ဆောက်ခြင်း
	အမျိုးသမီးအဖွဲ့					
၃	(၁)လမ်း၊တံတားများခိုင်ခန့်မှုမရှိ၍ သွားလာရာတွင်	(၁)လမ်း၊တံတားများ ပြုပြင်ရန်သဲ၊ကျောက်များလိုအပ်ခြင်း။	(၁)ကျေးရွာသူ/သားများမှ စုပေါင်းလုပ်အားဖြင့် ပါဝင်ဆောင်ရွက်လိုစိတ်ရှိခြင်း။	(၁)ရှာဖွေစုဆောင်းထားသောရန်ပုံငွေများမရှိခြင်း။	(၁)ကျေးရွာသူ/သားများ စုပေါင်း၍ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှုရယူကာ သဲ၊ကျောက်ခင်းနိုင်	(၁)အနောက်မြောက်ကုန်ထုတ်လမ်းဖောက်လုပ်ရန်နှင့်တံတား(၂)စင်းဆောက်လုပ်ရန်လမ်းအ

	ခက်ခဲမှုရှိခြင်း၊ ခက်ခဲခြင်း။				ရန် ရန်ပုံငွေများ ရှာဖွေစုဆောင်းခြင်း။	ရှည်(၅၀၀၀)ပေ
	တောင်သူအဖွဲ့					
၄	(၁)ကား၊ လှည်း၊ နွားများသွာလာရန် ခက်ခဲခြင်း	(၁)ရှိုးနွံများ ထူထပ်ခြင်း။	(၁)ကျေးရွာတောင်သူများမှရန်ပုံငွေများ ထည့်ဝင်၍ ပြုပြင်ဆောင်ရွက်လိုစိတ်ရှိခြင်း။	(၁)ရန်ပုံငွေလုံလောက်စွာမရှိခြင်း။	(၁)မြစ်ချောင်းများမှ သဲ၊ ကျောက်များ သယ်ယူကာလမ်းပြုပြင်ခြင်း။	(၁)ရွာ၏အရှေ့ဘက်နှင့် ရွာအနောက်ဘက်ကုန်ထတ်လမ်းဖောက်လုပ်ရန်လမ်းအရှည် (၁၁၀၀၀)ပေ
	လူငယ်အဖွဲ့					
၅	ဓမ္မစကူးလ်ကျောင်းဆောင်မရှိခြင်း	အဆောက်အဦဆောက်လုပ်ရန်လိုအပ်ခြင်း	လူငယ်များယဉ်ကျေးလိမ္မာစေရန်၊မြေနေရာစီမံဆောင်ရွက်ပေးနိုင်ခြင်း	ကျေးရွာမှ ယဉ်ကျေးလိမ္မာမှုအားနည်းခြင်း၊ အသိပညာစာပေဗဟုသုတအားနည်းခြင်း	ကျေးရွာတွင်းမြေနေရာလူတန်းမှုများနှင့်လူငယ်များအသိပညာတိုးပွားလာခြင်းနှင့်ယဉ်ကျေးလိမ္မာစေရန် သင်တန်းများဖွင့်လှစ်တက်ရောက်ခြင်း	ဓမ္မစကူးလ်ကျောင်းဆောင်ဆောက်လုပ်ရန်

ကျောင်းတိုက်ကျေးရွာအုပ်စု၊ ကျောင်းတိုက်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်ဝင်း	ဦးလှပိုင်	၅/ကလထ(နိုင်)၀၈၉၄၆၉	၅၂	ဥက္ကဋ္ဌ	၀၉-၄၀၀၅၃၃၅၇၇
၂	ဦးလှအောင်	ဦးထွန်းကြိုင်	၅/ကလထ(နိုင်)၀၇၂၄၇၃	၄၆	ဒု-ဥက္ကဋ္ဌ	၀၉-၂၅၂၄၄၁၆၆၇

၃	ဒေါ်အေးအေးမာ	ဦးဟန်လှ	၅/ကလထ(နိုင်)၀၇၂၅၈၂	၄၇	အတွင်းရေးမှူး	၀၉-၂၅၈၀၆၉၃၂၀
၄	ဦးသန်းအောင်	ဦးတင်ဖေ	၅/ကလထ(နိုင်)၀၇၂၆၃၈	၅၀	ဘဏ္ဍာရေးမှူး	၀၉-၄၀၀၅၃၃၅၅၄
၅	ဦးမြင့်နိုင်	ဦးသောင်းဖေ	၅/ကလထ(နိုင်)၀၆၂၉၆၁	၄၆	သေ့ကိုင်(၁)	၀၉-၇၆၈၂၆၂၂၄၇
၆	ဒေါ်နယ်လီဝင်း	ဦးသိန်းအောင်	၅/ကလထ(နိုင်)၀၇၂၆၃၈	၄၉	သေ့ကိုင်(၂)	၀၉-၂၅၈၅၈၂၅၇၇
၇	ဦးတင့်လွင်	ဦးသိန်း၀င်း	၅/ကလထ(နိုင်)၁၉၉၂၄၆	၂၅	စာရင်းကိုင်	၀၉-၂၅၀၉၆၂၁၆၁
၈	ဦးစန်းယု	ဦးကျော်သောင်း	၅/ကလထ(နိုင်)၁၁၂၁၇၁	၄၄	အဖွဲ့ဝင်	၀၉-၄၂၆၆၈၉၅၁၁
၉	ဒေါ်ခင်နီလာဦး	ဦးဘိုဦး	၅/ကလထ(နိုင်)၁၁၀၂၀၄	၄၆	အဖွဲ့ဝင်	၀၉-၄၅၈၈၂၇၁၂၂
၁၀	ဦးဖိုးဇော်	ဦးမောင်မြင့်	၅/ကလထ(နိုင်)၁၅၁၆၂၈	၃၅	အဖွဲ့ဝင်	၀၉-၂၆၃၅၂၄၈၁
၁၁	ဒေါ်ဌေးဌေးမာ	ဦးကျော်ဆွေ	၅/ကလထ(နိုင်)၁၁၂၂၄၆	၄၄	အဖွဲ့ဝင်	၀၉-၂၅၆၆၁၇၉၉၁

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၅	၃၁	၅၆
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇၁	၈၄	၁၅၅
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၄၀	၁၃၇	၂၇၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၅၄	၁၆၈	၃၂၂
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၂၁	၁၁၉၃	၂၃၁၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၇၁	၉၈	၁၆၉
စုစုပေါင်း		၁၅၈၂	၁၁၇၁	၃၂၉၃
စုစုပေါင်း အိမ်ထောင်စု				၇၁၆

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေ၏ (၇၀.၄%)ရှိပြီး အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေထက် (၃%)ပိုများသဖြင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များဖန်တီးပေးနိုင်ပါက လူစွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပါမည်။ ကျေးရွာတွင် တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ (၄.၆)ဦးသာရှိပြီး မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေစံနှုန်း ၅ ဦးထက်လျော့နည်းနေပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အိမ်ကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၄၉	၃၀၆	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၄၃	၅၆	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၂	မြင့် □□□□လတ် □□ □□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၂၅	၁	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၁	မြင့် □ လတ် □ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် □ လတ် □ နိမ့် □
